# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ တတိယနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက် ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့မှာ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄) ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေး ကို(၂၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၉.၅၅)ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ် ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန် တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀နဲ့နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်း နဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## အစည်းအဝေးအစီအစဥ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ) အရပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ တတိယနေ့အစီအစဥ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန် ကြား

လိုတဲ့ ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်းခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားသူမရှိပါ။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး တတိယနေ့ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁)ဦး၊ အမျိုးသား လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။

လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ငွေစာ ရင်းကော်မတီ ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီးရှင်းလင်းတင်ပြပါမယ် ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃နဲ့၄၇တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို (၁၅)ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းရမှာ ဖြစ်ပြီး ကော်မတီမှာပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ ၊အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အမည်စာရင်း ၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူ ဖွဲ့စည်းရမှာဖြစ်ပါတယ် ။

ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပဲ အမျိုးသားလွှ တ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နဲ့ နည်းဥပဒေ ၃၄ အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာ ဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားပါတယ်။ ကော်မတီ ဝင်များရဲ့ သက်တမ်းတစ်နှစ် ပြည့် မြောက်တဲ့အခါမှာ ပြန်လည် သုံးသပ်ပြီး လိုအပ်လျှင် သင့်တော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး လွှတ်တော်က သတ်မှတ်ပေး မယ့် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာ ဝန်များ၊ ရပိုင်ခွင့်နဲ့ အခွင့်အရေးများနဲ့ စပ်လျဉ်းပြီး အမျိုး သားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်း လင်း တင်ပြရန် ဖြစ်ပါတယ်။

# ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၉။**

**ဒုတိယဥက္ကဋ္ဌ။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်ကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီးတော့ ပြည်သူ့ငွေစာရင်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဟာ ကော်မတီဝင်များရဲ့သက်တမ်း တစ်နှစ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီးတော့ လိုအပ်သလို ကျွန်တော်တို့ လဲလှယ်အစားထိုး ပေးနိုင်ပါတယ် ။

ကော်မတီရဲ့တာဝန်များကတော့ ကော်မတီသည် (က)ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့်ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုစိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်ကခွင့်ပြုသောငွေကို သတ်မှတ်ထားတဲ့ကိစ္စအတွက်သာလျှင်သုံးစွဲခြင်း ရှိ/မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိနှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက် မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ/မရှိ တို့ကို စိစစ်ရမှာ ဖြစ်ပါတယ် ။ (ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ/မရှိ နဲ့ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်ပါတယ် ။ (ဂ) အောက်ပါအချက်များနှင့် စပ်လျဉ်းပြီးလည်း အမျိုးသားလွှတ်တော်သို့ တင်ပြ ရန်လည်း တာဝန်ရှိပါတယ် (၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း၊ (၂) ခွင့်ပြုထားသည့်သုံးငွေတစ်ရပ်အတွင်းမှာ ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနဲ့ ညီညွတ်ခြင်း ရှိ/မရှိ၊ (၃)သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊ (၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ ဖြစ်ပါတယ်။(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေး

ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းပြီးတော့ နိုင်ငံတော်သမ္မတ၏အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်း စာရင်းများအပေါ်ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမှာ ဖြစ်ပါတယ်။ (င) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း စိစစ်ရမှာ ဖြစ်ပါတယ်။

ကော်မတီက စိစစ်ပေးရန် လိုအပ် သောကိစ္စများနှင့် စပ်လျဉ်း၍ ကော်မတီသည် (က) ပြည်ထောင်စုလွှတ်တော်၏အကြောင်းကြားချက်အရအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစ စ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များနှင့်တကွ အမျိုးသားလွှတ်တော်မှတဆင့် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည် တင်ပြရမည်။(ခ) အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ကော်မတီ၏တွေ့ရှိချက် နှင့်သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ ပြန်လည် တင်ပြရမည်၊ (ဂ) အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန် လိုအပ်သည်ဟု အမျိုးသား လွှတ်တော်က ဆုံးဖြတ်၍တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်တို့ကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်၊ (ဃ)သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိ ပုဂ္ဂိုလ်အား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည် ။

သာမန်အားဖြင့် အပို ဒ် ၃ နှင့် အပို ဒ် ၄ တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင်(က)ကော်မတီတွင် အဆိုတင်သွင်းခြင်း အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊ (ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည် ။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုလည်းကောင်း၊ကော် မတီတွင် ဆွေးနွေးသော မေးခွန်းများကိုလည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်များ အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ကော်မတီအားအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်း များနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ်ထုပ်ပေါင်းတည်၍ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ။

ကော်မတီ၏ လုပ်ပိုင်ခွင့် များ။ ကော်မတီအစည်းအဝေးများကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၏ နည်းဥပဒေ ၅၀ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျင်းပရမည် ။ ကော်မတီသည် အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးရှိလျှင် ကော်မတီဝင်တစ်ဦးဦးကသော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်၊(ခ)ယင်းသို့တင်ပြရာတွင် ကော်မတီဝင် များသည်လည်း အစီရင်ခံစာကို သဘောတူ ကြောင်းလက်မှတ်ရေးထိုးရမည်၊ သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက်သို့မဟုတ် သဘောကွဲလွဲ ချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာ တွင်ပူးတွဲ၍ဖော်ပြနိုင်သည် ။ (ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လေးရက်ထက်မစော ဆယ်ရက်ထက် နောက်မကျသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကိုဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းရမည်။(ဃ)အစီရင်ခံစာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက် များ ပြုလုပ်ခွင့်မရှိ ။ (င) အစီရင်ခံစာကိုဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည် ။

ကော်မတီနှင့်ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံး ဝင်တူညီနေပါက လွှတ်တော် သည် ဥက္ကဋ္ဌများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်သို့ တင်ပြရမည် ။

ကော်မတီဝင်များသည်(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆို င်ရာ ဥပဒေများပါ ပြဋ္ဌာ န်းချက်များကို မဆန့်ကျင် လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွ င့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ (ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုထိ ပါဝင် ဆောင်ရွက်နိုင်ခွင့်ရှိသည်။ (ဂ) ကော်မတီဝင် အဖြစ်မှ နု တ်ထွက်ခွင့်ပြုရန်ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ။ ကော်မတီဝင်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီ၏ လုပ်ငန်းကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက် ရာ ဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့ နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိ သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည် ။

ကော်မတီဝင်များသည် (က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး ချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင် ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအမှူးမှတဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်း ခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ၏ ခွင့် ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်များရှိပါကြောင်း တင်ပြအပ်ပါသည် ။

# ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးခေတ္တရပ်နားခြင်း

**အချိန်။ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီမှာ အစည်းအဝေး ခေတ္တရပ်နားပြီး ကော်မတီဝင်အဖြစ်လျာထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးမှာ ဖြစ်ပါတယ် ။ လွှတ်တော် ကို နံနက်(၁၁း၀၀)နာရီမှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ ယခု အမျိုးသားလွှတ်တော်အစည်းအဝေးကို (၁၁း၀၀)နာရီ ထိ ရပ်နားမှာ ဖြစ်ပါတယ် ။

**အချိန်၊ ၁၀း၂၂။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်ကြီးများ ထိုင်နိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။

ယခုကျွန်တော် တင်ပြမယ့် အမည်စာရင်းပါ ပုဂ္ဂိုလ်များဟာ ကျွန်တော် တင်ပြပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရုံးခန်း ကို ကြွရောက်ကြဖို့ ဖြစ်ပါတယ် ။ အဲဒီပုဂ္ဂိုလ်များကတော့ -

(၁) ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)။

(၂) ဦးဆားရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။

(၃) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။

(၄) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။

(၅) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။

(၆) ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)။

(၇) ဦးခင်မောင်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။

(၈) ဦးသိန်းဝင်း ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။

(၉) ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။

(၁၀) ဒေါ်ချို့နွယ်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)။

(၁၁) ဦးအောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။

(၁၂) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။

(၁၃) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။

(၁၄) ဦးခင်မောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)။

(၁၅) ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)။

ခု ကျွန်တော်တင်ပြတဲ့ ပုဂ္ဂိုလ် (၁၅)ဦးဟာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရုံးခန်းကို ယခု သွားရောက်ကြဖို့ ဖြစ်ပါတယ်ခင်ဗျား ။ ကျန်တဲ့ ပုဂ္ဂိုလ်ကြီးများ ၁၁း၀၀ နာရီမှာ အစည်းအဝေးကို ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၀း၂၅ နာရီအချိန်တွင် ရပ် နားပြီး ၁၁း၀၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးကို ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတင်ပြခြင်း

**အချိန်။ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေ ၃၃ နဲ့ ၄၇ တို့အရ ပြည်သူ့ငွေစာရင်း ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့ငွေစာရင်း ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်း ကို လွှတ်တော်သို့တင်ပြပါ့မယ်။

ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

- ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။
- ဦးဆားရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)။
- ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။
- ဦးဇုန်လှယ်ထန်း၊ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)။
- ဦးစတီဗင်သာဘိတ် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။
- ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။
- ဦးခင်မောင်အေး ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။
- ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။
- ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။
- ဒေါ်ချိုနွယ်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)။
- ဦးအောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။
- ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။
- ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။

- ဦးခင်မောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။

- ဦးရှုမောင်၊ ရှမ်းပြည်နယ် ၊ မဲဆန္ဒနယ်အမှတ်(၈)တို့ဖြစ်ပါတယ်။

ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ထွန်းအားလည်းကောင်း ၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်အေးအား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်း သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ။

**ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏အမည်စာရင်းကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပြည်သူ့ငွေစာရင်း ကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ၊ ကော်မတီ ဥ က္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ ။ ပြည်သူ့ငွေစာရင်း ကော်မတီဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း ၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အတည်ပြုပါသလား ခင်ဗျား။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် က အတည်ပြုတဲ့အတွက် ပြည်သူ့ ငွေစာရင်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးအောင်ထွန်းအားလည်းကောင်း ၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်အေးအား လည်းကောင်း ၊ အဖွဲ့ဝင်များအဖြစ် ဦးဘရန်ရှောင်၊ ဦးဆား ရယ် ၊ ဦးစောထွန်းမြအောင်၊ ဦး ဇုန်လှယ်ထန်း ၊ဦးစတီဖင်သာဘိ တ်၊ ဒေါ်ရီရီမြ င့်၊ ဦးသိန်းဝင်း ၊ ဦးမိုးမြင့် ၊ ဒေါ်ချို့နွယ်ဦး ၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးခင်မောင်ရီ၊ ဦးခင်မောင်၊ ဦးရှုမောင် တို့နဲ့

ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်တို့နဲ့စပ်လျဥ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။( သြဘာသံများ)

## အမျိုးသားလွှတ်တော်အစည်းအဝေးတတိယနေ့ ရပ်နားခြင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း

**အချိန်။ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးတတိယနေ့ကိုရပ်နားပါမယ် ။ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ၂၀၁၁ ခုနှစ် မတ်လ ၄ ရက် (သောကြာနေ့) ၁၀း၀၀ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ် ။( သြဘာသံများ)

**အချိန်၊ ၁၁း၁၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတတိယနေ့အစည်းအဝေးကို ၁၁း၁၂ နာရီ အချိန်တွင် ရပ်နားပါသည်။]